## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
### (ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ )

စာအမှတ်၊ SSE/NM/၀၀၇ / ၂၀၁၇
ရက်စွဲ၊ ၂၀၁၇ - ခုနှစ်၊ မတ်လ (        ) ရက်။

အကြောင်းအရာ။ ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည် ညွှန်း ချက် ။ ။ (၀၆.၀၃.၂၀၁၇) ရက်နေ့တွင် ပေးပို့သော Noble Marine Management Co.,Ltd. ၏ စာအရ

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ MV DONG THIEN PHU SILVER ရေယာဉ်ဖော်ယူရေးအတွက် MT LANPAN 26 WITH CRANE BARGE-HONG BANG-6 နှင့် MT LANPAN 23 WITH FLAT BARGE CREST 282 ရေယာဉ်တို့မှ ဖော်ယူသွားမည် ဖြစ်ပါသည်။

၂။ အဆိုပါရေယာဉ်နှစ်စီးသည် သင်္ဘောပျက် တည်ရှိရာ LAT-16 Deg 11 Min N, LONG - 096 Deg 19.5 Min E သို့ (၀၇.၀၃.၂၀၁၇) ရက်နေ့၊ နံနက် (၀၆း၀၀)နာရီတွင် ရောက်ရှိမည် ဖြစ်ပါသည်။ YANGON PILOT BOARDING GROUND အနီးတွင် ဖြစ်ပါသည်။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်သော အဝင်ရှင်းလင်းရေး လုပ်ငန်းများပြီးစီးသည့်နောက် အမြန်ဆုံးလုပ်ငန်းစတင်မည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ (၀၈.၀၃.၂၀၁၇) ရက်နေ့မှစ၍ HONG BANG-6 သည် ANCHOR ၆- လက်ချ၍ နေရာယူရမည် ဖြစ်ပါသဖြင့် Wreck နေရာ၏ ရေမိုင် (၁) မိုင်ပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
ခင်ဦး-လက်ထောက်ညွှန်ကြားရေးမှူး(SSE)

<u>ဖြန့်ဝေခြင်း-</u>

၁။ တပ်မှူး၊ ရေတပ်ပင်မတိုင်းတာရေးတပ်၊ ကမ်းနားလမ်း၊ရန်ကုန်မြို့၊

၂။ ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန၊

၃။ မန်နေဂျင်းဒါရိုက်တာ၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊

၄။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန၊

၅။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊

၆။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်ထည်မြေထည်လုပ်ငန်း၊

၇။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်း၊

၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း၊

၉။ ဥက္ကဋ္ဌ၊ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရန်ကုန်မြို့၊

၁၀။ ကမ်းရိုးတန်းသွား သင်္ဘောပိုင်ရှင်များအသင်း၊

၁၁။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊

၁၂။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊

၁၃။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊

၁၄။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊မြိတ်မြို့၊